

# ပုရွက်ဆိတ်နန့် ခါချဉ်


## ပုရွက်ဆိတ်နဲ့ ခါချဉ်ကောင်





ခါချဉ်ကောင်တိရေ ချရားပင်တစ်ပင်ထက်မာ
အရွက်တိကို အအုံလုပ်လို့ နိန်ကတ်တေ။

ခါချဉ်ကောင်တွေ ခရေပင်တစ်ပင်ထက်မှာ
အရွက်တွေကို အုံဖွဲ့ပြီးနေကြတယ်။



J

## ယင်းချရားပင် အကိုင်းတိ ဂွကြားအခေါင်းထဲမာ ပုရွတ်ဆိတ်ချေတစ်အုပ်ကလည်း နိန်ကတ်တေ။

ခရေပင်ရဲ့ အကိုင်းခွကြားအခေါင်းထဲမှာ
ပုရွက်ဆိတ်တွေက နေထိုင်ကြတယ်။




တစ်ရက်နိုန့်ခါ ပုရွတ်ဆိတ်အုပ်နန့်
ခါချဉ်အုပ်ရေ အစာရှာဖို့လားကတ်ယင်း
အကိုင်းချေ တစ်ကိုင်းထက်မာ ရှိဆိုင်တွိကတ်တေ။

တစ်နေ့တော့ ပုရွက်ဆိတ်နဲ့ ခါချဉ်ကောင်အုပ်စုတွေဟာ
အစာရှာဖို့သွားရင်း သစ်ကိုင်းလေး တစ်ကိုင်းပေါ်မှာ
မျက်နှာချင်းဆိုင်တွေ့ကြတယ်။




တစ်အုပ်နန့် တစ်အုပ် လမ်းဖယ်မပီးလို့
ဝင်တိုက်မိရေခါ နှစ်အုပ်လုံး မြိုကြီးထက်ကို ဖရိုဖရဲ
ကျလားကတ်တေ။

တစ်အုပ်စုနဲ့ တစ်အုပ်စု လမ်းဖယ်မပေးလို့ ဝင်တိုက်ကြတော့
ပုရွက်ဆိတ်တွေရော ခါချဉ်တွေပါ
မြေကြီးပေါ်သို့ ဖရိုဖရဲ လိမ့်ကျသွားတာပေ့ါ။




မြိကြီးထက်မာ ပုရွက်ဆိတ်တိနန့် ခါချဉ်တိရေ
စိတ်ဆိုးမာန်ဆိုးနန့် ရန်ဖြစ်ပြီးကေ
ကိုက်နိန်ကတ်တေ။

မြေကြီးပေါ်မှာ ပုရွက်ဆိတ်နဲ့ ခါချဉ်တွေဟာ
ဒေါသထွက်ရန်ဖြစ်ပြီး တိုက်ခိုက်နေကြတယ်။




ပုရွက်ဆိတ်နန့် ခါချဉ်တိ ရန်ဖြစ်နိန်စွာကို
နံ့ကောင်တစ်ကောင်က မြင်ရေခါ " မင်းရို့ဇာကလဲ၊
ဇာဖြစ်လို့ရန်ဖြစ်ပြီး ကိုက်နိန်ကတ်တေလဲ " လို့
မီးလိုက်တေ။

အဲဒီ ပုရွက်ဆိတ်နဲ့ခါချဉ်တို့ရန်ပွဲကို နံ့ကောင်တစ်ကောင်ကမြင်တော့
"မင်းတို့ဘယ်ကလဲ၊ ဘာဖြစ်လို့ ဒီလောက်ရန်ဖြစ်
တိုက်ခိုက်နေကြရတာလဲ" လို့မေးလိုက်တယ်။




“ ကျွန်တော်ရို့ ဒေချရားပင်ထက်ကပါ။ ကျွန်တော်ရို့အကိုင်းထက်မာ လားနိန်စွာကို ပုရွက်ဆိတ်တိက လမ်းဖယ်မပီးလို့ပါ ” လို့ ခါချဉ်တိကပြောရေ။

“ ကျွန်တော်တို့ ဒီခရေပင်ပေါ်ကပါ။ ခရေကိုင်းပေါ်မှာ ကျွန်တော်တို့သွားလာနေကြတာကို ပုရွက်ဆိတ်တွေက လမ်းဖယ်မပေးလို့ ဒီလိုရန်ဖြစ်တာပါ ” လို့ ခါချဉ်တွေကပြောတယ်။




ပုရွက်ဆိတ်တိကလည်း “ ကျွန်တော်ရို့လည်း
ဒေချရားပင်ထက်မာ နိန်ပါရေ။
ခါချဉ်တိက ကျွန်တော်ရို့လားနိန်စွာကို
လမ်းဖယ်မပီးပါ ” လို့ပြောရေ။

ပုရွက်ဆိတ်တွေကလည်း “ ကျွန်တော်တို့လည်း
ဒီခရေပင်ပေါ်မှာနေကြတာပါ။ ကျွန်တော်တို့သွားလာနေကြတာကို
ဉ်ကောင်တွေက လမ်းမဖယ်ပေးလို့ပါ ” လို့ ပြောပြန်တယ်။




ယင်းအခါ နှံကောင်က “ မင်းရို့နှစ်အုပ်စု
ဒေအပင်ထက်မာ အတူတူနိန်ကတ်စွာ
ဆွိမျိုးတိရာမလား။ ရန်ဖြစ်စရာကားမဟုတ်၊
ချစ်ချစ်ခင်ခင်နိန်ကတ် ” လို့ ဆုံးမလိုက်တေ။

ဒီတော့ နှံကောင်က “ မင်းတို့နှစ်အုပ်စုလုံးဟာ ဒီခရေပင်ပေါ်မှာ
အတူတူနေထိုင်ကြတဲ့ ဆွေမျိုးတွေပဲမဟုတ်လား။
အချင်းချင်းရန်တွေ့နေစရာ မဟုတ်ဘူး၊ ချစ်ချစ်ခင်ခင်နေကြပါ ” လို့
ဆုံးမလိုက်တယ်။



ပုရွက်ဆိတ်နန် ခါချဥ်တိရေ အမြင်မှန်ရလားပြီးကေ
အသင့်အတင့် ချစ်ချစ်ခင်ခင် နိန်လားခကတ်တေ။

ပုရွက်ဆိတ်နဲ့ခါချဉ်တွေလည်း အမြင်မှန်ရသွားကြပြီးတော့
သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင် နေသွားကြတော့တယ်။



Jo

MOEA

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ ရေးသားပြုစုသည်။

unicef

unite for children